# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးမဟုတ်သော အချို့သောဘီလစ် စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာသူ ဝန်ထမ်းများဖြစ်၍ သင့်တင့်သောအချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုနှင့် ဝိုးလိုင်းကျေးရွာ အုပ်စုတို့တွင် မိုဘိုင်းဖုန်း ဆက်သွယ် ရေးရရှိစေရန်အတွက် မိုဘိုင်းဖုန်းဆက်သွယ်ရေး တာဝါတိုင် (သို့) အခြားတာဝါတိုင်များ တပ်ဆင်ပေး နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | မင်းဘူး(စကု)မြို့နယ် အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ပခုက္ကူ-ကြံခင်း ရထားလမ်းအပိုင်းနှင့် မင်းဘူးမှအမ်းသို့ ဖောက်လုပ်မည်ဟု ဆိုသော မြေပေါင်များဖို့ထား၍ နစ်နာခဲ့သောတောင်သူ များအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့် တွက်ချက်၍ ပေးလျော်သွားမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ဆီဆိုင်မြို့နယ်၏ အရှေ့ခြမ်းတစ်လျှောက်နှင့် မောက်မယ်မြို့နယ် အနောက်ခြမ်း ဆက်စပ်နေထိုင်ကြ သော ဒေသခံတိုင်းရင်းသား ကျေးလက်ပြည်သူများသည် မြို့နေပြည်သူများကဲ့သို့ Mobile ဖုန်းများ အသုံးပြုပြုနိုင်ရန် လိုအပ်သောနေရာများမှာ MPT တာဝါတိုင် တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | မိုင်းခတ်မြို့နယ်ရှိ ဝေးလံခေါင်သီအရပ်ဒေသများဖြစ်သော မိုင်းညှင်း ဒေသရှိ မိုင်းညှင်း၊ ဟုတ်ပုံ၊ ဝမ်ပင်း၊ ဝမ်အွမ်နှင့် ပါပွန်း | ၁၆ |

| | | |
|---|---|---|
| | ကျေးရွာအုပ်စုအနောက်ဘက်ခြမ်းတွင် မြန်မာ့ဆက်သွယ်ရေး(MPT-GSM) လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း | |
| ၁၀ | မြောင်းမြမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွန်ကြားမှုဦးစီး ဌာန (က.ည.န)ခရိုင်ရုံးအသစ် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၂၇ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၂၇ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## ပဉ္စမနေ့ အစီအစဉ်

## [ ၂၃–၁–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၏ **တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးမဟုတ်သော အချို့သော ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာသူ ဝန်ထမ်းများဖြစ်၍ သင့်တင့်သော အချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုနှင့် ဝိုးလိုင်းကျေးရွာအုပ်စုတို့တွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးရရှိစေရန်အတွက် မိုဘိုင်းဖုန်းဆက်သွယ်ရေး တာဝါတိုင် (သို့) အခြားတာဝါတိုင်များ တပ်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ပခုက္ကူ–ကြံခင်းရထားလမ်းအပိုင်းနှင့် မင်းဘူးမှ အမ်းသို့ ဖောက်လုပ်မည်ဟုဆိုသော မြေပေါင်များ ဖို့ထား၍ နစ်နာခဲ့သော တောင်သူများအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့် တွက်ချက်၍ ပေးလျော်သွားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၏ အရှေ့ခြမ်း တစ်လျှောက်နှင့် မောက်မယ်မြို့နယ်အနောက်ခြမ်း ဆက်စပ်နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ကျေးလက်ပြည်သူများသည် မြို့နေပြည်သူများကဲ့သို့ Mobile ဖုန်းများအသုံးပြုနိုင်ရန် လိုအပ်သော နေရာများမှာ MPT တာဝါတိုင် တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့နယ်ရှိ ဝေးလံခေါင်သီ အရပ်ဒေသများဖြစ်သော မိုင်းညှင်းဒေသရှိ မိုင်းညှင်း၊ ဟုတ်ပုံ၊ ဝမ်ပင်း၊ ဝမ်အွမ်နှင့် ပါပွန်းကျေးရွာအုပ်စု အနောက်ဘက်ခြမ်းတွင် မြန်မာ့ဆက်သွယ်ရေး (MPT-GSM) လက်ကိုင်ဖုန်းများ အသုံးပြုခွင့် ရရှိရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ **မြောင်းမြမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(က.ည.န) ခရိုင်ရုံး အသစ် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **"အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**ပဥ္စမနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၂) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၁ ရက်၊
(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၄) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၅) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၄ ရက်၊
(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊
(၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဘို ခွင့် ၁ ရက်၊
(၈) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊
(၉) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်၊
(၁၀) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၂ ရက်၊
(၁၁) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊
(၁၂) နန့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၄ ရက်နှင့်
(၁၃) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက် တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးမဟုတ်သော အချို့သောဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာသူဝန်ထမ်းများဖြစ်၍ သင့်တင့်သောအချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများမဟုတ်သော အခြားအဆင့်ဝန်ထမ်းများဖြစ်ကြတဲ့ တရားရုံးများရှိ အချို့သော ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများ၊ အနေကြာဝန်ထမ်းများဖြစ်၍ သင့်တင့်သောအချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေရန်အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားသူကြီးများ မြို့နယ်တစ်ခု၊ နေရာတစ်ခုတွင် နှစ်ကာလကြာရှည်စွာတာဝန်မထမ်းဆောင်ရဘဲ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေတဲ့ အစဉ်အလာရှိတာကိုတွေ့ရပါတယ်။ ဝန်ထမ်းများအနေဖြင့် ရာထူးကြီးငယ်မဟူ တစ်နေရာတည်းတွင် ကာလကြာရှည်စွာတာဝန်ထမ်းဆောင်ရပါက ၎င်းတာဝန်ထမ်းဆောင်ရတဲ့ ပတ်ဝန်းကျင်မှာသာ ကျွမ်းကျင်မှုရှိပြီး အခြားနေရာများရဲ့လုပ်ငန်းသဘာဝကို နားလည်ရန်ခက်ခဲပါလိမ့်မယ်။ ထို့အပြင် မလိုလားအပ်

သောကိစ္စများလည်း ပေါ်ပေါက်နိုင်ပါတယ်။ အဲဒါကြောင့် အနေကြာဝန်ထမ်းများအား လှည့်လည်တာဝန်ပေးအပ်ခြင်းကို လိုအပ်တယ်လို့ယူဆပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများရဲ့ ပုဒ်မ ၁၁(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းကိုပြုသည်ဟူ၍ ဖော်ပြထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်မှလည်း တရားစီရင်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးနှစ်ရပ်ကို အစဉ်အလာမပျက် အတူတကွလက်တွဲဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြည်သူ့လွှတ်တော်သို့ လာရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ထို့အပြင် ၂-၈-၂၀၁၇ ရက်နေ့ထုတ် မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာအုပ်ရဲ့ အခန်း(၁) လွတ်လပ်မှုခေါင်းစဉ်အောက်ရှိ အခြေခံမူအပိုဒ် ၇ မှာ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ၏ မလျော်ကန်သောလွှမ်းမိုးမှုကို လက်မခံဘဲ စီရင်ဆုံးဖြတ်ချက်များအား လွတ်လပ်စွာဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ အထက်ပါအချက်များမှာ ကောင်းမွန်သင့်မြတ်သောအချက်များလို့ယူဆပါတယ်။ သို့သော် တရားရုံးဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော အချို့ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများအနေနဲ့ သန္ဓေဝန်ထမ်းများဖြစ်တဲ့အတွက် ၎င်းတို့တာဝန်ကျရာတရားရုံးမှာ အငြိမ်းစားယူသည့်အချိန်ထိ မပြောင်းရွှေ့ရဘဲတာဝန်ထမ်းဆောင်ရတာကို တွေ့ရှိရပါတယ်။ အဲဒီလို မပြောင်းရွှေ့ရတဲ့အတွက် ဒေသခံများနဲ့ရင်းနှီးမှုဖြင့် တရားသူကြီးများနှင့်ပြည်သူ၊ အမှုသည်များအကြား ပေါင်းကူးသဖွယ်ဖြစ်နေတာကြောင့် မလိုလားအပ်သောပြဿနာများ၊ မလျော်ကန်သောလွှမ်းမိုးမှုများဖြစ်နေတာကိုတွေ့ရှိရပါတယ်။ စာရေးဝန်ထမ်းများရဲ့ဆောင်ရွက်ချက်များကြောင့် တရားသူကြီးအပေါ် ထိခိုက်နစ်နာလေ့ရှိပြီး တချို့ဝန်ထမ်းများမှာ တရားသူကြီးအသစ်များထက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပို၍နားလည်တဲ့အတွက် အကောင်းဘက်တွင်သုံးပါက အကျိုးရှိနိုင်သော်လည်း တရားရုံးရဲ့ ပြဿနာအခြေခံမှာ ဝန်ထမ်းများကြောင့် စတင်ဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် တရားစီရင်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့ကို ထိန်းကျောင်းအကြံပြုတဲ့အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများမဟုတ်သောအခြားအဆင့်ဝန်ထမ်းများဖြစ်ကြတဲ့ တရားရုံးရှိ အချို့သောဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာဝန်ထမ်းများဖြစ်၍ သင့်တင့်သောအချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် အစီအစဉ်ရှိ/မရှိသိလိုကြောင်းမေးမြန်းအပ်ပါတယ်။ အစီအစဉ်ရှိပါက မည်သို့ဆောင်ရွက်နေသည်၊ ဆောင်ရွက်ရန်ရှိသည်နဲ့ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် မရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက တရားရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေတဲ့ အချို့ ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူအမှုအများစုအနေနဲ့ သန္ဓေဝန်ထမ်းများအဖြစ် ၎င်းတို့ တာဝန်ကျရာတရားရုံးများမှာ အငြိမ်းစားယူသည့်အချိန်အထိ မပြောင်းရွှေ့ရဘဲ တာဝန်ထမ်းဆောင်ရ သည်ကို တွေ့ရကြောင်း၊ ထိုသို့ မပြောင်းရွှေ့ရသည့်အတွက် ဒေသခံများနဲ့ရင်းနှီးမှုဖြင့် တရားသူကြီး နှင့် ပြည်သူ၊ အမှုသည်များအကြား ပေါင်းကူးသဖွယ်ဖြစ်နေပြီး မလိုလားအပ်သော ပြဿနာများ၊ မလျော်ကန် သောလွှမ်းမိုးမှုများပေါ်ပေါက်နေသည်ကို တွေ့ရသည့်အတွက် မေးမြန်းခြင်းဖြစ်ကြောင်း ဖော်ပြထား ပါတယ်။

တရားရုံးဝန်ထမ်းများအား တာဝန်ပေးအပ်ချထားတဲ့နေရာမှာ ရုံးလုပ်ငန်းအဆင်ပြေချောမွေ့ စေရေး ရုံးလုပ်ငန်းအားလုံးကို ဝန်ထမ်းများ ဘက်စုံကျွမ်းကျင်မှုရှိစေရေးနဲ့ လုပ်ငန်းအတွေ့အကြုံရရှိ စေရေးအတွက် ရုံးဝန်ထမ်းတစ်ဦးအား တစ်နေရာတည်းတွင် တာဝန်မပေးအပ်ဘဲ သင့်မြတ်သည့် အစီအစဉ်ဖြင့် အလှည့်ကျတာဝန်ပေးအပ်ရန် ယခင်တရားရုံးချုပ်က ၂၂-၃-၁၉၉၃ ရက်စွဲပါ စာအမှတ်၊ ၅၄၅/စု၁၄(ဂ)၃၆/၃၉ ဖြင့် တရားရုံးအဆင့်ဆင့်သို့ ညွှန်ကြားခဲ့ပါတယ်။ နောက်ပိုင်းမှာ အချို့သော တရားရုံးများရှိ တရားခွန်များ၌ တရားခွင်စာရေးတစ်ဦးတည်းကို ပြောင်းလဲမှုမရှိဘဲ ပုံသေထားရှိကာ ဆောင်ရွက်လျက်ရှိခြင်းကြောင့် အများပြည်သူအမြင်တွင် မလိုလားအပ်သော အထင်အမြင်လွဲမှားမှု များဖြစ်ပေါ်လျက်ရှိခြင်း၊ ရုံးဝန်ထမ်းများအကြား စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်စေခြင်း စသည့်ကိစ္စရပ် များဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၁၉-၉-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၃၀၆/ညခ/၂၀၁၂ ဖြင့် တရားခွင်အသီးသီး၌ တာဝန်ပေးအပ် စေခိုင်းလျက်ရှိသော တရားခွင်စာရေးများအား ၆ လလျှင် တစ်ကြိမ် ပြောင်းလဲ၍ အလှည့်ကျ တာဝန်ပေးစေခိုင်းရန်အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ကြရန် လက်အောက်တရားရုံးများသို့ ညွှန်ကြားခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အခါအားလျော်စွာ ယခုကဲ့သို့ ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်ခြင်းဖြင့် တရားရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေသော အခြားအဆင့်ဝန်ထမ်းများအား ဘက်စုံကျွမ်းကျင်မှုရှိစေရေးနဲ့ လုပ်ငန်းအတွေ့အကြုံရရှိစေရေး အတွက်လည်းကောင်း၊ အများပြည်သူအမြင်တွင် မလိုလားအပ်သော အထင်အမြင်မှားမှု၊ မလိုလား အပ်သော ပြဿနာများ၊ မလျော်ကန်သော လွှမ်းမိုးမှုများမဖြစ်စေရန်အတွက်လည်းကောင်း၊ ဝန်ထမ်း

များအကြား စိတ်ဝမ်းကွဲမှုများမဖြစ်ပေါ်စေရန်အတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခု လက်ရှိတွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၌ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း၊ ရာထူး တိုးမြှင့်ပေးသည့်အခါများတွင်လည်းကောင်း အခြားအဆင့်ဝန်ထမ်းများကို သင့်တော်ရာဒေသရှိ တရားရုံးများသို့ ပြောင်းရွှေ့နေရာချထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုတရားလွှတ်တော် ချုပ်မှ လက်ခံရရှိထားတဲ့စာရင်းအရ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ကချင်ပြည်နယ်တွင် ၁၉ ဦး၊ ကယားပြည်နယ်တွင် ၃ ဦး၊ ကရင်ပြည်နယ်တွင် ၃၂ ဦး၊ ချင်းပြည်နယ်တွင် ၁၀ ဦး၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၃၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၅ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၆ ဦး၊ မကွေးတိုင်း ဒေသကြီးတွင် ၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၈၆ ဦး၊ မွန်ပြည်နယ်တွင် ၁၂ ဦး၊ ရခိုင်ပြည်နယ်တွင် ၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၅ ဦး၊ ရှမ်းပြည်နယ်တွင် ၄ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၃၇ ဦးတို့ကို ပြောင်းရွှေ့နေရာချထားတာဝန်ထမ်းဆောင်စေခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါ တရားရုံးအဆင့်ဆင့်မှာရှိတဲ့ တရားသူကြီးမဟုတ်တဲ့ အခြားအဆင့်ဝန်ထမ်းများဖြစ်ကြတဲ့ တရားရုံးများရဲ့ အချို့သော ဘီလစ်စာရေးများ၊ ရှေ့ဖတ်စာရေးများ၊ ရုံးအကူများမှာ အနေကြာသူဝန်ထမ်းများဖြစ်၍ သင့်တင့်သောအချိုးဖြင့် အသုတ်လိုက်ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ အဆင့်ဆင့်သော တရားရုံးများမှာ ဝန်ထမ်းအိမ်ရာများမရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား ထိုသို့ပြောင်းရွှေ့စေခြင်းအားဖြင့် အခက်အခဲရှိမည်မဟုတ်သော်လည်း အခြားသော တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိဝန်ထမ်းများအား အခြားမြို့နယ်ရှိ တရားရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းဖြင့် ၎င်းတို့တွင် နေထိုင်ရေးအတွက် အခက်အခဲများ ဖြစ်ပေါ်စေမည်ဖြစ်တဲ့အတွက် တရားရုံးအဆင့်ဆင့်ရှိ အနေကြာဝန်ထမ်းများအား သင့်တင့်သော အချိုးဖြင့် အသုတ်လိုက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုနှင့် ဝိုးလိုင်းကျေးရွာအုပ်စုတို့တွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးရရှိစေရန်အတွက် မိုဘိုင်းဖုန်းဆက်သွယ်ရေး တာဝါတိုင် (သို့) အခြားတာဝါတိုင်များ တပ်ဆင်ပေး နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ တင်ပြမယ့်မေးခွန်းကတော့ မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စု၌ ဝိုးလိုင်း ကျေးရွာအုပ်စုတို့မှာ မိုဘိုင်းဖုန်းဆက်သွယ်ရေးရရှိစေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင် သို့မဟုတ် အခြားတာဝါတိုင်များ တပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့ဟာ နယ်စပ် ဒေသလမ်းပန်းဆက်သွယ်ရေး ခက်ခဲဝေးလံတဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့မြို့တစ်မြို့ဖြစ်ပြီးတော့

ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၄-၇-၁၉၇၂ ရက်စွဲပါအမိန့်အရ မြို့နယ်အဖြစ် ဖွဲ့စည်းမိန့်ရရှိခဲ့တဲ့ မြို့တစ်မြို့လည်းပဲ ဖြစ်ပါတယ်။ မြို့နယ်တစ်ခုလုံးဧရိယာရဲ့ ၉၅၀ စတုရန်းမိုင်ကျယ်ဝန်းပြီးတော့ တိုင်းရင်းသားများ အများစုနေထိုင်ကြပါတယ်။ မြို့နယ်တစ်ခုလုံး အလွန်ကျယ်ဝန်းတဲ့အတွက်ကြောင့်လည်း ကျေးလက်လမ်းများဟာလည်းပဲ ကျေးရွာအနှံ့အပြားကို လွှမ်းခြုံဖောက်လုပ်နိုင်ခြင်းမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ထိုသို့ကျေးလက်လမ်းများ နေရာအနှံ့အပြားကို လွှမ်းခြုံနိုင်ခြင်းမရှိတဲ့အတွက် ဆက်သွယ်သွားလာမှုခက်ခဲလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ သွားလာမှုခက်ခဲတဲ့အတွက်ကြောင့်လည်း အရေးပေါ်ဆက်သွယ်ရန် လိုအပ်လို့ရှိရင် မိုဘိုင်းဖုန်းတွေနဲ့သာ ဆက်သွယ်ကြရပါတယ်။ မိုင်းပန်မြို့နယ်အတွင်း ၂၀၁၄ ခုနှစ်ကစပြီးတော့ မိုဘိုင်းဖုန်းအနေနဲ့ MEC တယ်လီဖုန်းနဲ့ MPT ၊ CDMA-450 တယ်လီဖုန်းများ စတင်ဖြန့်ကျက်ခဲ့ပါတယ်။ ဆက်ကြောင်းနှစ်မျိုးစလုံးဟာ လိုင်းများကြပ်ပြီးတော့ လိုင်းပြတ်ခြင်းများ မကြာခဏဖြစ်ပေါ်ခဲ့ပြီးတော့ ပြည်သူများအနေနဲ့ ဆက်သွယ်မှုခက်ခဲ ကြန့်ကြာခဲ့ရပါတယ်။ မိုင်းပန်မြို့ပေါ်မှာ Station တာဝါတိုင်စိုက်ထူခဲ့တဲ့အတွက်ကြောင့်လည်း မိုင်းပန်မြို့တစ်ခုတည်းသာ အသုံးပြုနိုင်ခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ MPT GSM တယ်လီဖုန်းနဲ့ အောရီဒူး၊ တယ်လီနောကုမ္ပဏီများရောက်ရှိလာပြီးတော့ မိုင်းပန်မြို့ပေါ်မှာ တာဝါတိုင်စိုက်ထူခဲ့တဲ့အတွက်ကြောင့် မိုင်းပန်မြို့ပေါ်နဲ့ တောင်ကြီး-လင်းခေး-မိုင်းပန် ပြည်ထောင်စုလမ်းမကြီးဘေးအထိကို ရောက်ရှိသုံးစွဲနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ မြေပုံမှာတင်ပြထားတဲ့အတိုင်း မိုင်းပန်မြို့နယ်ဟာ ဆက်သွယ်မှု ဝေးလံခက်ခဲပြီးတော့ မိုဘိုင်းဖုန်းတာဝါတိုင်များသည်လည်း မိုင်းပန်မြို့ပေါ်နဲ့ လင်းခေး-မိုင်းပန်ကားလမ်းများပါ တင်ပြပါအတိုင်း စိုက်ထူခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ တင်ပြပါ တြိဂံနဲ့ပြထားတာကတော့ မိုဘိုင်းဖုန်းတာဝါတိုင်တွေစိုက်ထူထားတာဖြစ်ပါတယ်။ အပြာရောင်အဝိုင်းနဲ့ ကျေးရွာတွေကတော့ ဆက်သွယ်မှုလက်လှမ်းမမှီတဲ့ ကျန်ရစ်ခဲ့တဲ့ကျေးရွာတွေဖြစ်ပါတယ်။ ဒါကတော့ မိုင်းပန်မြို့ပေါ်မှာ မိုဘိုင်းဖုန်းတာဝါတိုင်စိုက်ထူထားရှိပုံဖြစ်ပါတယ်။ ဒါကတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးရွာတွေ အခုတင်ပြထားတဲ့ ကျေးရွာတွေ သွားတဲ့၊ လာတဲ့အခါမှာလည်း လမ်းပန်းဆက်သွယ်ရေးအင်မတန်ခက်ခဲတာကို ဖော်ပြထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးကုမ္ပဏီများအနေနဲ့ မူလက နိုင်ငံတော်အစိုးရနဲ့ စာချုပ်ချုပ်ဆိုစဉ်မှာ ကုမ္ပဏီများဟာ ဆက်သွယ်ရေးလမ်းကြောင်းများရဲ့ ဆက်ကြောင်းများအရ တာဝါတိုင်များကို ပထဝီအနေအထားအရ နှစ်အလိုက်စိုက်ထူရမယ်လို့ သိရှိထားပါတယ်။ အခုအချိန်မှာတော့ လူဦးရေသိပ်သည်းမှုအနေဖြင့်သာ ဆက်သွယ်ရေးကုမ္ပဏီများဟာ ဖုန်းသုံးစွဲမှု၊ ငွေကြေးရရှိမှုများအတွက်သာ အဓိကထားပြီးတော့ မြို့ပေါ်နှင့် လမ်းမကြီးဘေးဝဲ/ယာတွေမှာ စိုက်ထူတာတွေ့ရှိရပြီးတော့ ပြည်သူများအားလုံး ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှုမရရှိတော့ဘဲ အချို့ကျေးရွာတွေဟာ ဆက်သွယ်ရေးအလွန်အင်မတန် ခက်ခဲလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ တင်ပြပါ Slide မှာ မိမိတို့မိုင်းပန်မဲဆန္ဒနယ်မြေအတွင်း မိုင်းပန်မြို့တောင်ဘက် ၃၆ မိုင်ဝေးတဲ့ နားမွန်ကျေးရွာအုပ်စု နောင်လေ၊ မိုင်းပုတ်၊ ပန်ပိ၊ ဆမ်ကွယ်နောင်ချိုကျေးရွာတို့မှာ လူဦးရေ ၂၀၀၀ ကျော်ရှိပြီး မည်သည့်ဆက်သွယ်ရေးတာဝါတိုင်မှ ရောက်ရှိစိုက်ထူခြင်းမရှိတဲ့အတွက်ကြောင့်လည်း ဆက်သွယ်မှုသွားလာခက်ခဲလျက်ရှိပါ

တယ်။ အလားတူ မိုင်းပန်မှ တာဆန်း၊ မိုင်းတုံသွား ပြည်ထောင်စုကားလမ်းမကြီးဘေးမှာရှိတဲ့ တင်ပြပါ ဝိုးလိုင်းကျေးရွာအုပ်စု တုံတစ်ကျေးရွာ၊ ကိုးမိုင်ကျေးရွာ၊ ဝမ်ထမ်ကျေးရွာနှင့် ရွာသာယာကျေးရွာ၊ တာဆန်းကျေးရွာတို့မှာလည်း လူဦးရေများပြားပြီး လမ်းမကြီးဘေးမှာရှိသော်လည်းပဲ မည်သည့် ဆက်သွယ်ရေးတာဝါတိုင်မှ ယနေ့အထိ လာရောက်စိုက်ထူခြင်းမရှိတဲ့အတွက် ဆက်သွယ်ရေး အင်မတန်ခက်ခဲလျက်ရှိတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ ဒေသခံပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် အဓိကမှာ ဆက်သွယ်ရေးကောင်းမွန်ပြီး ပြည်သူတို့ရဲ့ အသိပညာတိုးတက်ရန်ဖြစ်တဲ့အတွက်ကြောင့် လည်း မိမိတို့ဒေသမှာ အထက်မှာတင်ပြခဲ့တဲ့ ဝိုးလိုင်းကျေးရွာအုပ်စုနှင့် နားမွန်ကျေးရွာအုပ်စု ကျေးရွာများမှာ ဆက်သွယ်မှုရရှိစေရန် မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်များကို မည်ကဲ့သို့ ဆောင်ရွက်ပေးမယ်။ မည်သည့်အစီအစဉ်နဲ့ မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းတင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်နဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၏ မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုနှင့် ဝိုးလိုင်းကျေးရွာအုပ်စုတို့တွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးရရှိစေရန်အတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင် သို့မဟုတ် အခြားတာဝါတိုင်များ တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း မိုင်းပန်မြို့ပေါ်၌ CDMA- 450 စခန်းတစ်ခုနှင့် GSM စခန်းတစ်ခု၊ နောင်ပါးမွန် ကျေးရွာ၊ ဟိုမိန်းကျေးရွာနှင့် ဆွေဟွေကျေးရွာတို့၌ GSM စခန်းတစ်ခုစီဖြင့် စုစုပေါင်း GSM စခန်းလေးခုတို့ကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဒီဟာကတော့ အခုနက တင်ပြသွားတဲ့ MPT GSM တိုင်တွေက အဝါနဲ့ပြထားပြီးတော့ CDMA ကတော့ အစိမ်းရောင်ဖြစ်ပါတယ်။ တယ်လီနောကတော့ အပြာရောင်အရင့်ဖြစ်ပြီးတော့ အော်ရီဒူး ကတော့ ခရမ်းရောင်ဖြစ်ပါတယ်။ ဆောင်ရွက်လိုတဲ့နေရာတွေကတော့ အပ်အစိမ်းရောင်။ လွှတ်တော်

ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့၊ ဆောင်ရွက်ပေးစေလိုတဲ့ နေရာတွေကတော့ အပ်အစိမ်းရောင်နဲ့ စိုက်ထားပါတယ်။ အဲဒီတော့ တယ်လီနောမြန်မာကတော့ မိုင်းပန်မြို့နယ်အတွင်းရှိ လင်းခေး-မိုင်းပန် အဝေးပြေးလမ်းအနီး နားလောကျေးရွာနှင့် ဆွတ်ဟွေကျေးရွာ ကမာတန်ဘုန်းကြီးကျောင်းတို့၌ GSM စခန်းတစ်ခုစီဖြင့် စုစုပေါင်း GSM စခန်းနှစ်ခုကို ဖွင့်လှစ်ထားရှိပါတယ်။ အလားတူ အော်ရီဒူးမြန်မာ လီမိတက်အနေနဲ့ မိုင်းပန်မြို့နယ်အတွင်းရှိ ညောင်ပင်သာမြို့ပတ်လမ်း အလယ်ရပ်ကွက်၌ GSM စခန်းတစ်ခုကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အော်ရီဒူး မြန်မာလီမိတက်တို့အနေနဲ့ နိုင်ငံတစ်ဝန်လုံးရှိ မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေး ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိတဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၊ လူဦးရေသိပ်သည်းဆ၊ ဆက်စပ်နေသည့် မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု စတဲ့ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရခြင်း၊ လျှပ်စစ်မီးရရှိနိုင်မှုအခြေအနေ၊ ပထဝီအသွင်အပြင်နှင့် မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေ စသည်တို့အပေါ် မူတည်၍ ထည့်သွင်းစဉ်းစားတည်ဆောက်ရခြင်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ Geographic မှ Population အခြေခံသို့ ပြောင်းလဲခဲ့ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းပြခွင့်ပြုပါခင်ဗျား။ ဆက်သွယ်ရေးအော်ပရေတာ များအနေနဲ့ လိုင်စင်သက်တမ်းငါးနှစ်တာကာလအတွင်း ပထဝီဧရိယာ (Geographic) လွှမ်းခြုံမှု အနေဖြင့် မြန်မာနိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းကျော်အထိ ကွန်ရက်ဖြန့်ကျက်ရန် ကတိကဝတ်ထားရှိ ခဲ့ရာမှ ယခု လေးနှစ်မြောက်လိုင်စင်သက်တမ်းမှာ လူဦးရေ(Population) လွှမ်းခြုံမှုကို မြန်မာနိုင်ငံ လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကျော်အထိ ကွန်ရက်ဖြန့်ကျက်ဆောင်ရွက်သွားရန် ပြောင်းလဲခဲ့ခြင်းဖြစ်ပါ တယ်။ ယခုကဲ့သို့ပြောင်းလဲရခြင်းမှာလည်း လိုင်စင်သက်တမ်းခြောက်နှစ်မြောက်တွင်မှ မြန်မာနိုင်ငံ အတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးမှု နောက်ကျနေသည့် နယ်မြေဒေသများတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုများ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် Universal Service Fund ဟုခေါ်တဲ့ အခြေခံ ဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေးဆိုင်ရာ ရန်ပုံငွေကို ဆက်သွယ်ရေးအော်ပရေတာများမှ ၎င်းတို့ဝင်ငွေ၏ နှစ်ရာခိုင်နှုန်း နှစ်စဉ်ထည့်ဝင်၍ တည်ထောင်ရန်ဖြစ်သော်လည်း ယခုလေးနှစ် မြောက်လိုင်စင်သက်တမ်းမှာ စတင်ထည့်ဝင်ရန် ညှိနှိုင်းသဘောတူခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း နားမွန်ကျေးရွာအုပ်စုရှိ နောင်လေ၊ မိုက်ပုတ်(ပန်ပိ)၊ ဆမ်ကွယ်ကျေးရွာတို့နှင့် ဝိုးလိုင်းကျေးရွာအုပ်စုရှိ တုံတစ်ခြောက်မိုင်ရွာ၊ ကိုးမိုင်ရွာ၊ ဝမ်ထမ် (၁၂)မိုင်ရွာ၊ ရွာသာယာ (၁၈) မိုင်ရွာနှင့် တာဆန်းရွာတို့မှာ တာဝါတိုင်များနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တိုးချဲ့တည်ဆောက်ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေး ပါကြောင်းနှင့် အရှေ့ကတင်ပြသွားတဲ့ Universal Service Fund ကို တည်ထောင်သည့်အချိန်မှာ

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစားပေးအဆင့်လိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းဘူး(စကု)မြို့နယ် အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ပခုက္ကူ-ကြံခင်း ရထားလမ်းအပိုင်းနှင့် မင်းဘူးမှအမ်းသို့ ဖောက်လုပ်မည်ဟုဆိုသော မြေပေါင်များဖို့ထား၍ နစ်နာခဲ့သောတောင်သူ များအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့် တွက်ချက်၍ပေးလျော်သွားမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မင်းဘူး(စကု)မြို့နယ်အတွင်းဖြတ်သန်းသွားတဲ့ ရထားလမ်းဖြတ်သန်းမှုလျော်ကြေးနဲ့ပတ်သက် ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မင်းဘူး(စကု)မြို့နယ်ထဲကို ကြံခင်း-ပခုက္ကူရထားလမ်းနဲ့ မင်းဘူး-အမ်းလမ်းဆိုပြီးတော့ ကျွန်တော်တို့ရထားလမ်းနှစ်လမ်း ဖြတ်သန်း ဖောက်လုပ်ထားတာရှိပါတယ်။ ကြံခင်း-ပခုက္ကူလမ်းကို ၂၀၀၆-၂၀၀၇ မှာစီမံကိန်းစခဲ့ပြီးတော့ ၂၀၁၀-၂၀၁၁ မှာ စီမံကိန်းပြီးစီးခဲ့တယ်လို့ သိရှိရပြီးတော့ မင်းဘူးနဲ့ပွင့်ဖြူအပိုင်းကို ၂၂-၁-၂၀၁၁ မှာ စတင် ပြေးဆွဲခဲ့ပြီးတော့ အရှုံးများရှိလို့မို့လို့ စီးမယ့်သူမရှိတဲ့အတွက် ၂၀၁၂ ခုနှစ် ဇွန်လမှာပဲ ရပ်ခဲ့ရတယ် လို့သိရပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ပွင့်ဖြူ-စလင်းအပိုင်းနဲ့မင်းဘူးအပိုင်းကို ပြေးဆွဲခြင်း မရှိတော့ကြောင်းလည်း သိရှိရပါတယ်။ အဲဒီလိုပဲ မင်းဘူး-အမ်း-စစ်တွေလမ်းကို ၃၀-၈-၂၀၁၀ မှာ စီမံ ကိန်းစခဲ့ပြီးတော့ ၂၁-၄-၂၀၁၁ မှာပဲ စီမံကိန်းရပ်ခဲ့တယ်လို့ သိရှိရပါတယ်။ မင်းဘူး-အမ်း-စစ်တွေလမ်း ကို မြေကြီးတိုင်းတာမှုအနေနဲ့ ၄၁ မိုင်ခန့် တိုင်းတာခဲ့ပြီးတော့ မြေပြုပြင်ခြင်းလုပ်ငန်းကို ၁၉ မိုင်ခန့် ပြီးစီးခဲ့တယ်လို့လည်း ကျွန်တော်တို့ သိရှိရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကြံခင်း-ပခုက္ကူလမ်းအပိုင်းမှာရှိတဲ့ မင်းဘူး(စကု)မြို့နယ် ထဲမှာ ဖောက်လုပ်ထားတဲ့အသုံးမပြုတဲ့ရထားလမ်းအပိုင်းပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မင်းဘူး-အမ်း-စစ်တွေရထားလမ်းပိုင်း မင်းဘူး(စကု)မြို့နယ်ထဲမှာရှိတဲ့ အသုံးမပြုတဲ့စီမံကိန်း အောင်မြင်မှုမရှိတဲ့ရထားလမ်းအပိုင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရွာတွေကိုဆင်းတဲ့အခါမှာ ဒေသခံ ပြည်သူတွေက ဒီလိုရထားလမ်းတွေကိုဖောက်လုပ်တာဟာ ဘယ်လိုစိတ်ကူးတွေနဲ့များဖောက်ခဲ့တာလဲ ဆိုပြီးတော့ မေးခဲ့တာရှိပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ကိုယ်တိုင်လည်း ဖြေရှင်းလို့ပညာရှင် မဟုတ်တဲ့အတွက် မသိပါဘူး။ တကယ်ဖောက်လုပ်ခဲ့တဲ့အချိန်တုန်းကလုပ်ခဲ့တဲ့သူတွေသာလျှင် ဘယ်လိုစေတနာတွေနဲ့ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာကို သိမှာလို့ ကျွန်တော်လည်း ပြန်လည်ဖြေကြားခဲ့ ပါတယ်။ အဲဒီလို မသေချာမရေရာတဲ့စီမံကိန်းတွေကြောင့် ရှေးလူကြီးတွေပြောစကားအရ တစ်ချိန်တုန်း ကတော့ မိအေး နှစ်ခါနာပဲကြားဖူးတာ။ အခုတော့ ငါတို့တောင်သူတွေမှာတော့ ဒီလိုမရေရာတဲ့စီမံကိန်း

တွေကြောင့် လေးခါနာရတဲ့အဖြစ်မျိုးထိအောင် ကြုံတွေ့နေရပြီလို့ ပြောပါတယ်။ ဒါကြောင့် သီးနှံလျော်ကြေးနဲ့မြေယာလျော်ကြေးတွေကို မကြာခင်ပေးမယ်လို့ကြားသိထားသော်လည်းပဲ ယခုအချိန်ထိ မပေးတဲ့အတွက် ကျွန်တော်တို့ လေးခါမနာရအောင် လျော်ကြေးပေးဖို့လည်း အချိန်တန်ပြီဆိုပြီးတော့ အကြိမ်ကြိမ်တောင်းဆိုနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့စီမံကိန်းစတုန်းကကျတော့ မစိုက်ပျိုးရလို့တစ်ခါနာတယ်။ စီမံကိန်းစပြီးအောင်မလားလို့ဆိုပြီးတော့ ရထားလမ်းလေးအောင်မြင်ရင်တော့ ရထားလမ်းလေးအသုံးပြုရမှာပဲလို့ မျှော်လင့်ထားတော့ အသုံးမပြုခဲ့ရဘူး။ စီမံကိန်းမှာ အသုံးမပြုရတဲ့အပြင် ပြည်သူ့ဘဏ္ဍာငွေတွေဆုံးရှုံးလို့ တစ်ခါထက်နာပြီးတော့ အခုအချိန်ထိအောင်လည်း ဘာမှအသုံးမပြုရဘူး။ တောင်သူတွေမှာလည်း စိုက်ပျိုးမြေတွေကို မစိုက်ပျိုးရဘူးဖြစ်နေတဲ့အတွက် သီးနှံလျော်ကြေးလေး၊ မြေယာလျော်ကြေးလေးတွေကို လိုချင်ပါတယ်ဆိုပြီးတော့ ဒေသခံပြည်သူတွေက အကြိမ်ကြိမ်တောင်းဆိုလို့မို့လို့ ကျွန်တော် ဒီမေးခွန်းမေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မင်းဘူး(စကု)မြို့နယ်အတွင်းမှာ ဖြတ်သန်းသွားတဲ့ပခုက္ကူ-ကြံခင်းရထားလမ်းအပိုင်းနှင့် မင်းဘူး-အမ်း ဖောက်လုပ်ထားတဲ့ရထားလမ်းပေါင်တွေအတွက် နစ်နာနေတဲ့တောင်သူများအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများတွက်ချက်ပြီးတော့ ပေးလျော်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့တဲ့ ပခုက္ကူ-ကြံခင်းရထားလမ်းအပိုင်းနှင့် မင်းဘူးမှ အမ်းသို့ ဖောက်လုပ်မည်ဟုဆိုကာ မြေပေါင်များဖို့ထား၍ နစ်နာခဲ့တဲ့တောင်သူများအား မည်သည့်အချိန်တွင် မည်သည့်နှုန်းထားများဖြင့်တွက်ချက်၍ ပေးလျော်သွားမည်ဖြစ်ကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

ပခုက္ကူ-ကြံခင်းရထားလမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ သိမ်းဆည်းမြေများအတွက် လျော်ကြေး၊ နစ်နာကြေးငွေများကို သက်ဆိုင်ရာတိုင်းဒေသကြီးများ၏လျော်ကြေးတန်ဖိုး အတည်ပြုချက်ရရှိမှုပေါ် မူတည်၍ ပေးချေလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြေဧရိယာ ၁၁၈၄.၃ ဧကအတွက် လယ်ယာမြေလျော်ကြေးငွေစုစုပေါင်းကျပ် ၂၃၉၅.၇၇၇၅ သန်းပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်း ပါဝင်သွားတဲ့ သိမ်းဆည်းမြေ ၂၂၉၂.၁၆ ဧကအတွက် လျော်ကြေးငွေကျပ် ၃၂၄၀.၂၅ သန်းကို ကာယကံရှင်များထံ ပေးချေထားပြီးဖြစ်ပါတယ်။

ထိုကဲ့သို့ ပေးချေလျက်ရှိတဲ့နေရာမှာ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု အတွက် မြေယာလျော်ကြေးပေးချေရန် ကျန်ရှိနေပြီး အဲဒီကျေးရွာများအတွက် လျော်ကြေးငွေများကို သက်ဆိုင်ရာမြို့နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်အပေါ် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေတင်ပြတောင်းခံသွားပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော် သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ မင်းဘူး-အမ်းရထားလမ်းပိုင်း နှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားရပါလျှင် မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စတင်ခဲ့ပြီး မင်းဘူးဘက်ခြမ်းမှာ မင်းဘူး-ပဒါန်းကြား မင်းဘူးဘူတာမှလေးပင်ကျေးရွာအလွန်ထိ ရထားလမ်းတာဘောင်အရှည် မိုင် ၂၀ အတွက် မြေသား လုပ်ငန်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မင်းဘူး-အမ်း ရထားလမ်းဖောက်လုပ်ရာမှာ မင်းဘူး(စကု)မြို့နယ်၊ ကျေးရွာအုပ်စု ငါးအုပ်စုအတွက် ပါဝင်သွားတဲ့မြေများကို တိုင်းတာစိစစ်ပြီး ဖြစ်၍ မင်းဘူးမြို့နယ်၊ ကန်ရေကျေးရွာအုပ်စုရှိ မြေ ၃၁.၆၆ ဧကအတွက် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျော်ကြေး ငွေကျပ် ၇၂.၉၃၃ သန်း ပေးချေထားပြီးဖြစ်ပါတယ်။

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်မှုကြောင့် မင်းဘူး-ပဒါန်းကြား၊ မင်းဘူး(စကု) မြို့နယ်အတွင်း လျော်ကြေးပေးချေရန် ကျန်ရှိတဲ့ကျေးရွာအုပ်စုလေးစုအတွက် မြေတိုင်းတာစိစစ်ပြီး ဖြစ်၍ သိမ်းဆည်းမြေ ၂၁၃.၆၂ ဧကအတွက် လျော်ကြေးတန်ဖိုးများကို သက်ဆိုင်ရာမြို့နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏တင်ပြချက်အပေါ် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံသွားပြီး ဘဏ္ဍာငွေရရှိပါက ပေးလျော်သွားမှာဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

သိမ်ဆည်းမြေများနှင့်ပတ်သက်၍ တောင်သူတစ်ဦးချင်းစီ၏ သိမ်းဆည်းမြေဧကကို မြေအမျိုး အစားအလိုက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိစစ်အတည်ပြုပြီး မြေလျော် ကြေး/နစ်နာကြေး တစ်ဧကဈေးနှုန်းဖြင့် တွက်ချက်မှုပုံစံ(၁၂)ကို မြို့နယ်မှ တွက်ချက်အတည်ပြုပြီး ၎င်းမှတစ်ဆင့် သက်ဆိုင်ရာခရိုင်နှင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အတည်ပြုချက်ရရှိ ရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ရပြီး လျော်ကြေးတန်ဖိုးအတည်ပြုချက်ရရှိမှသာ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြ တောင်းခံပြီး ခွင့်ပြုချက်ရရှိပါက လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားရခြင်း ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ လျှော်ကြေးပေးတဲ့အခါမှာ ဘဏ္ဍာငွေ အခြေအနေအရ တင်ပြတောင်းခံပြီးရရှိမှ လျော်ကြေးပေးမယ်ဆိုတာလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်းနားလည်လို့ ဒေသခံပြည်သူတွေကိုလည်း နားလည်အောင်ရှင်းပြထားပါ တယ်။ သို့သော်ကျန်နေတာက ၂၀၁၀ ဝန်းကျင်မှာ ပြီးခဲ့တယ်။ အဲဒီမှာစပြီးတွက်ခဲ့တာ ဒီအချိန်ထိ အောင် တွက်ချက်မှု၊ တိုင်းတာမှု၊ ကွင်းဆင်းတိုင်းတာမှုမလုပ်ရသေးတဲ့ကျေးရွာတွေကျန်ရှိနေကြောင်း သိရှိရပါတယ်။ ဒါကြောင့် အဲဒီလိုကွင်းဆင်းတိုင်းတာတဲ့နေရာမှာ ကျွန်တော်တို့က ကိုယ်စားလှယ်တွေ ကိုပြောတော့ ကိုယ်စားလှယ်တွေကနေ မီးရထားကိုပြောတယ်။ မီးရထားကလည်း မြေစာရင်းကို လွှဲချ တယ်။ မြေစာရင်းကလည်း မီးရထားအဖွဲ့ကပါမှ တိုင်းတာလို့ရမယ်ဆိုတဲ့ တစ်ယောက်နဲ့တစ်ယောက် လွှဲချနေတဲ့အခြေအနေတွေကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ လျော်ကြေးမရ သေးသော်လည်းပဲ တချို့တိုင်းတာဖို့ကျန်တဲ့မြေနေရာတွေကို တိုင်းတာတွက်ချက်ပြီးတော့ အမြန်ဆုံး တင်ပြစေဖို့အတွက် ညွှန်ကြားပေးဖို့ရန် အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အချက် ကလည်း ကျွန်တော်တို့အနေနဲ့လက်ခံပါတယ်။ ဒီတော့ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအနေနဲ့က စောစောကတင်ပြသွားသလို ဒီတိုင်းတာတဲ့နေရာမှာ ကျွန်တော်တို့ဝန်ကြီးဌာန တစ်ခုထဲမဟုတ်ဘဲနဲ့ သက်ဆိုင်ရာ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တွေနဲ့ ကျွန်တော်တို့ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ ကျွန်တော်တို့လက်အောက်ခံရှိတဲ့ ဌာန၊ ဥပမာ-မြန်မာ့မီးရထားအနေနဲ့ ဒီလိုတိုင်းတာစိစစ်တဲ့နေရာမှာ နှောင့်နှေးမှုမရှိဖို့ကို ကျွန်တော့် အနေနဲ့ ညွှန်ကြားသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆီဆိုင်မြို့နယ်၏ အရှေ့ခြမ်းတစ်လျှောက်နှင့် မောက်မယ်မြို့နယ်အနောက်ခြမ်း ဆက်စပ်နေထိုင်ကြ သော ဒေသခံတိုင်းရင်းသား ကျေးလက်ပြည်သူများသည် မြို့နေပြည်သူများကဲ့သို့ Mobile ဖုန်းများ အသုံးပြုပြုနိုင်ရန် လိုအပ်သောနေရာများမှာ MPT တာဝါတိုင် တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်ဟာ အရှေ့ဘက်မှာ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်နှင့် လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိပါ တယ်။ အဲဒီဆက်စပ်နယ်မြေမှာ ပွင့်ချောင်းတစ်လျှောက်မှာဆိုရင် တောင်ကုန်းတောင်တန်းများ ကာရံ

ထားပြီးတော့ ပေ ၇၈၀၀ ခန့်မြင့်မားတဲ့ အထင်ကရ လွင်မောတောင်ကြီး တည်ရှိပါတယ်။ အဲဒီ အရှေ့ဘက်ခြမ်းနဲ့ အရှေ့မြောက်ခြမ်းကျေးရွာများဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျေးရွာအချို့မှာ ရေရှားပါးခြင်း၊ တောင်ကုန်းတောင်တန်းများ ထူထပ်စွာတည်ရှိခြင်းကြောင့် လူမှုဘဝဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်လျက်ရှိပါတယ်။ ဆီဆိုင်မြို့နယ်ဟာ တောင်ငူ- လွိုင်ကော်- ဟိုပုန်း ပြည်ထောင်စု လမ်းမက တောင်နှင့်မြောက် အလျားလိုက်ဖြတ်နေပြီးတော့ ယခုအခါ ပြည်တွင်းပြည်ပခရီးသွားများ တောင်ကြီးမြို့နဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ချိတ်ဆက်သွားလာရာမှာ အဓိကအားထားရသော လမ်းမကြီး ဖြတ်သန်းတည်ရှိနေပါတယ်။ ၎င်းဒေသတစ်လျှောက်မှာ သွားရေးလာရေးခက်ခဲတဲ့အပြင် Mobile တာဝါတိုင်မရှိသဖြင့် နေရာအတော်များများမှာ ဖုန်းပြောဆိုလို့မရကြပါ။ ငွေကြေးတတ်နိုင်သူများက အထိုင်ဖုန်းများဝယ်ယူပြီး အိမ်အချို့မှာ အိမ်ဥပင်ဖုန်းပြောနိုင်ကြသော်လည်း ကျန်လူအများစုမှာတော့ ဖုန်းပြောလိုလို့ရှိရင် ဖုန်းလိုင်းမိတဲ့တောင်ထိပ်များ၊ ကျေးရွာရှိကုန်းမြင့်များသို့ အချိန်ပေးပြီး သွားရောက်ဖုန်းပြောနေကြရသဖြင့် အချိန်ကုန်၊ ငွေကုန် များစွာဖြင့် ကြုံတွေ့နေကြရပါတယ်။ ယခုအခါ ကမ္ဘာအဝန်းနှင့် မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ဆက်သွယ်ရေးလိုင်းသည် အင်တာနက် ချိတ်ဆက်ရာမှာ တောရောမြို့ပါ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဟာ လုံခြုံရေးကောင်းမွန်ခြင်း၊ နယ်မြေအေးချမ်းခြင်း၊ အစိုးရစီမံကိန်းလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ခြင်းကြောင့် ကျန်ရှိနေတဲ့ဒေသများမှာ တာဝါတိုင်ထားရှိပေးခြင်းကြောင့် နေရာမရွေးဖုန်းအသုံးပြုနိုင်ပါက ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနဲ့ လူမှုကိစ္စအဝဝများကို ပိုမိုကောင်းမွန်လျင်မြန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပြီးတော့ တောနဲ့မြို့ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုကို ပိုမိုကျဉ်းမြောင်းလာစေရေးအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ဒေသနေပြည်သူလူထုနဲ့ တွေ့ဆုံတိုင်းမှာလည်း တစိုက်မတ်မတ် ဆန္ဒပြုတောင်းဆိုပြောကြားလာခြင်းကြောင့် ကျွန်တော့်မဲဆန္ဒနယ် အရှေ့ခြမ်းနှင့် အရှေ့မြောက်ခြမ်း မောက်မယ်မြို့နယ်၊ လွိုင်လင်မြို့နယ်နှင့်ဆက်စပ်နေတဲ့ဒေသနေ တိုင်းရင်းသားပြည်သူများ မြို့နေပြည်သူများကဲ့သို့ မိုဘိုင်းဖုန်းများ အသုံးပြုနိုင်ဖို့ လိုအပ်သောနေရာများမှာ တာဝါတိုင်တိုးချဲ့တည်ဆောက်ပေးရန်စီစဉ်ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး၏ ဆီဆိုင်မြို့နယ်၏အရှေ့ခြမ်းတစ်လျှောက် မောက်မယ်မြို့နယ်အနောက်ဘက်ခြမ်း ဆက်စပ်နေထိုင်ကြသော ဒေသခံတိုင်းရင်းသားများ၊ ကျေးလက်ပြည်သူများ၊ မြို့နေပြည်သူများကဲ့သို့ Mobile ဖုန်းများ အသုံးပြုနိုင်ရန် လိုအပ်သောနေရာများမှာ တာဝါတိုင်တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့

မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်အရှေ့ဘက်ခြမ်းရှိ ပြင်သာယာကျေးရွာ၊ တောင်းတပ်ကျေးရွာနှင့် နောင်ထော်ကျေးရွာတို့မှာ GSM စခန်းတစ်ခုစီနှင့် မောက်မယ်မြို့နယ်အနောက်ဘက်ခြမ်းရှိ ပူးရာစန့်ကျေးရွာတွင် GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်းလေးခုကိုဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အဝါရောင်ကတော့ MPT ဖြစ်ပါတယ်။ တယ်လီနောမြန်မာလီမိတက်အနေဖြင့်လည်း ဆီဆိုင်မြို့နယ်အရှေ့ဘက်ခြမ်းရှိ ပြင်သာယာကျေးရွာ၊ တောင်းတပ်ကျေးရွာနှင့်နောင်ထော်ကျေးရွာတို့မှာ GSM စခန်းတစ်ခုစီအပြင် ဆီဆိုင်မြို့ပေါ်မှာ GSM စခန်းသုံးခု၊ ဆီဆိုင်မြို့နယ်အတွင်း နောင်ခလောက်ကျေးရွာ၊ နောင်ဘိုကျေးရွာ၊ ဘန်းယဉ်ကျေးရွာ၊ နောင်မွန်ကျေးရွာ၊ ကျောင်းချယ်ကျေးရွာ ရေဖြူကျေးရွာ၊ ပော်တောင်ကျေးရွာနှင့် လွယ်ဆမ်ဆစ်ကျေးရွာတို့မှာ GSM စခန်းတစ်ခုစီနှင့်မောက်မယ်မြို့နယ်အနောက်ဘက်ခြမ်း ပူးရာစန့်ကျေးရွာမှာ GSM စခန်းတစ်ခု စုစုပေါင်း GSM စခန်း ၁၅ ခုကိုဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဎင်းအပြင် အော်ရီဒူးမြန်မာလီမိတက်အနေနဲ့လည်း ဆီဆိုင်မြို့နယ်အတွင်း ဘန်းယဉ်ကျေးရွာ၊ နန်းစေမြဲကျေးရွာ၊ ပော်တောင်ကျေးရွာ၊ ရေဖြူကျေးရွာ၊ နောင်ခလောက်ကျေးရွာနှင့် နောင်မွန်ကျေးရွာတို့မှာ GSM စခန်းတစ်ခုစီဖြင့် စုစုပေါင်း GSM စခန်းခြောက်ခုကိုဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှေ့မှာ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းကျော်မိုး၏မေးခွန်းအပေါ် ဖြေကြားခဲ့ရာမှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်းပဲမြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ တာဝါတိုင်များတည်ဆောက်၍ မိုဘိုင်းဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးလျက်ရှိရာမှာ နေရာဒေသ၏အခြေအနေအရပ်ရပ်ကို စိစစ်တိုင်းတာပြီး ဆက်စပ်လုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၏အရှေ့ဘက်ခြမ်းတစ်လျှောက်နှင့်မောက်မယ်မြို့နယ် အနောက်ဘက်ခြမ်း ဆက်စပ်လျက်ရှိတဲ့နေရာများမှာ တာဝါတိုင်များနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တိုးချဲ့တည်ဆောက်ပေးရန် လောလောဆယ်မှာ အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာရန်ပုံငွေ Universal Service Fund ကို တည်ထောင်သည့်အချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစားပေးအဆင့်လိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းခတ်မြို့နယ်ရှိ ဝေးလံခေါင်သီအရပ်ဒေသများဖြစ်သော မိုင်းညှင်းဒေသရှိ မိုင်းညှင်း၊ ဟုတ်ပုံ၊ ဝမ်ပင်း၊ ဝမ်အွမ်နှင့် ပါပွန်းကျေးရွာအုပ်စုအနောက်ဘက်ခြမ်းတွင် မြန်မာ့ဆက်သွယ်ရေး(MPT-GSM) လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသော မေးခွန်းကတော့ မိုင်းခတ်မြို့နယ် ဝေးလံခေါင်ပါးဒေသဖြစ်သော မိုင်းညှင်းဒေသရှိ မိုင်းညှင်းကျေးရွာအုပ်စု၊ ဟုတ်ပုံ၊ ဝမ်ပင်း၊ ဝမ်အွမ်နှင့် ပါပွန်းကျေးရွာအနောက်ဘက်ခြမ်းရှိဒေသများမှာ ဆက်သွယ်ရေးဖုန်း MPT သို့မဟုတ် GSM လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းပဲ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်တစ်မြို့နယ်လုံးမှာ MPT တာဝါတိုင်နှစ်တိုင်ပဲ ရှိပါတယ်ခင်ဗျား။ အဲဒီနှစ်ခုရှိခြင်းအတွက် မိုင်းခတ်မြို့အနီးပတ်ဝန်းကျင်မှာ ဖုန်းအဆက်အသွယ်ပြောဆိုရာတွင် လွယ်ကူပါတယ်။ ဒါပေမဲ့လို့ မိုင်းခတ်မြို့နှင့်အနောက်ပိုင်း မိုင် ၂၀ လောက်ရှိတဲ့ မိုင်းညှင်းဒေသမှာ ဖုန်းပြောဆိုလို့မရဘူး ဖြစ်နေတယ်။ အဲဒီမိုင်းညှင်းဒေသမှာ ကျေးရွာအုပ်စုငါးခု ရှိပါတယ်။ အဲဒီကျေးရွာအုပ်စုငါးခုမှာ မိုင်းခတ်တစ်မြို့နယ်လုံးရဲ့လူဦးရေ ငါးပုံနှစ်ပုံလောက်တော့ ရှိပါတယ်။ မိုင်းညှင်းကျေးရွာအုပ်စုမှာ တိုက်နယ်ဆေးရုံတစ်ရုံလည်း တည်ဆောက်ပြီးစီးပြီဖြစ်ပါတယ်။ ပြီးတော့ ဆေးပေးခန်းတစ်ခန်းလည်း ရှိပါတယ်။ အလယ်တန်းကျောင်းခွဲတစ်ကျောင်းလည်း ရှိပါတယ်။ မီးလင်းရေးအတွက် အစိုးရမှ မီးစက်တစ်လုံးလည်း ချထားပေးပြီးဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် ရဲစခန်းလည်း တစ်ခုရှိပါတယ်။ ကျေးရွာအုပ်စုလုံခြုံရေးအတွက် တပ်မတော်မှ စစ်ကြောင်းတစ်ကြောင်းနှင့် စခန်းပေါင်းများစွာ ရှိပါတယ်။ အဲဒီမိုင်းညှင်းဒေသကို ရောက်ရှိနေသော၊ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများဟာ ဒေသခံတစ်ဦးတစ်ယောက်မျှမရှိပါဘူး။ မြန်မာပြည်အနှံ့မှရောက်ရှိလာသော ဝန်ထမ်းများဖြစ်ကြပါတယ်။ တာဝန်ထမ်းဆောင်ရာမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိတဲ့အတွက် မိုင်းခတ်မြို့နယ်သို့ သွားလာလိုပါက ပွင့်လင်းရာသီမှ သွားလို့ရပါတယ်။ မိုးတွင်းမှာ ဘယ်လိုမှသွားလို့မရသောလမ်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအခက်အခဲကိုကျော်လွှားနိုင်ရေးအတွက် ဝေးလံခေါင်သီဒေသမှာ အထူးလိုအပ်နေသော မြန်မာ့ဆက်သွယ်ရေး MPT သို့မဟုတ် GSM လက်ကိုင်ဖုန်းများ အသုံးပြုနိုင်ရေးအတွက် တာဝါတိုင် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင်ဆောင်ရွက်ပေးမည်ကိုလည်းကောင်း၊ ဆောင်ရွက်မပေးနိုင်ဘူးဆိုရင် မည်သည့်အတွက်ကြောင့် ဆောင်ရွက်မပေးနိုင်ဘူးဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်ရှိ ဝေးလံခေါင်သီဒေသများဖြစ်တဲ့ မိုင်းညှင်းဒေသရှိ မိုင်းညှင်းကျေးရွာအုပ်စု၊ ဟုတ်ပုံကျေးရွာအုပ်စု၊ ဝမ်ပင်းကျေးရွာအုပ်စု၊ ဝမ်အွမ်ကျေးရွာအုပ်စုနှင့် ပါပွန်းကျေးရွာအုပ်စုအနောက်ဘက်ခြမ်းမှာ မြန်မာ့ဆက်သွယ်ရေး(MPT-GSM)လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် ဆောင်ရွက်ပေးမည့်အစီအစဉ်များ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်အတွင်းရှိ လွယ်မီးကျေးရွာမှာ CDMA-450 MHz စခန်းတစ်ခုနှင့် GSM စခန်းတစ်ခု၊ ဝမ်ခုတ်ကျေးရွာအုပ်စု သံခမောက်တောင်မှာ GSM စခန်းတစ်ခုနှင့် မိုင်းခတ်မြို့မှာ GSM စခန်းတစ်ခု စုစုပေါင်းစခန်းလေးခုကို ဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပဆက်သွယ်ရေးအော်ပရေတာများဖြစ်တဲ့ တယ်လီနောမြန်မာလီမိတက်နှင့် အော်ရီဒူးမြန်မာလီမိတက်တို့အနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်အတွင်း တာဝါတိုင်များတည်ဆောက်ပေးရန် လောလောဆယ်အားဖြင့် အစီအစဉ်မရှိသေးကြောင်း သိရှိရပါတယ်။ ရှေ့တွင် ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးနှင့် မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးတို့၏မေးခွန်းများကို ဖြေကြားခဲ့ရာမှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ တာဝါတိုင်များတည်ဆောက်၍ မိုဘိုင်းဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးလျက်ရှိရာမှာ နေရာဒေသ၏အခြေအနေအရပ်ရပ်ကို စိစစ်တိုင်းတာ၍ ဆက်စပ်လုပ်ငန်းများကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းဒေသရှိ မိုင်းညှင်းကျေးရွာအုပ်စု၊ ဟုတ်ပုံကျေးရွာအုပ်စု၊ ဝမ်ပင်းကျေးရွာအုပ်စု၊ ဝမ်အွမ်ကျေးရွာအုပ်စုနှင့် ပါပွန်းကျေးရွာအုပ်စုအနောက်ဘက်ခြမ်းတို့မှာ မြန်မာ့ဆက်သွယ်ရေး(MPT-GSM)လက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရန် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များ တည်ဆောက်ပေးရန် လောလောဆယ်မှာ အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာရန်ပုံငွေ(Universal Service Fund)ကို တည်ထောင်သည့်အချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစားပေးအဆင့်လိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အချိန်နည်းနည်းလေး ကျန်ရှိနေသေးသည့်အတွက် ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ဆက်သွယ်ရေးစခန်းတွေ ဖွင့်ပေးဖို့အတွက် မေးခွန်းသုံးခုကို ဖြေကြားခဲ့ရာမှာ ကျွန်တော်တို့က Universal Service Fund တည်ထောင်တဲ့အချိန်မှာ ဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်ဖြေကြားခဲ့ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်အနည်းငယ်ရှင်းပြချင်တာ ကျွန်တော် ဒီအစီအစဉ်ကိုဆောင်ရွက်ဖို့အတွက်ကို အခုဆောင်ရွက်နေပါပြီခင်ဗျား။ ဒီမူဝါဒနှင့် နည်းဗျူဟာတွေ ချမှတ်ပြီးတော့။ ဒီဟာ ကမ္ဘာ့ဘဏ်အကူအညီနဲ့လည်း အတိုင်ပင်ခံအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်အတွင်းမှာ ဒီအော်ပရေတာတွေဟာ သူတို့ရဲ့ဝင်ငွေရဲ့နှစ်ရာခိုင်နှုန်းကို စပြီးထည့်ဝင်မှာ ဖြစ်ပါတယ်။ ပြီးတော့ နှစ်နှစ်အတွင်းမှာ ကျွန်တော်တို့က ဒီထည့်ဝင်ငွေဟာ ကျပ်ဘီလီယံ ၄၀ လောက် ခန့်မှန်းရရှိမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့နေရာတွေအပါအဝင် ကျွန်တော်တို့မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်သီတဲ့နေရာတွေမှာ ပုံမှန်အားဖြင့် စီးပွားရေးတွက်ချေကိုက်မှု ၂၅ ရာခိုင်နှုန်းနဲ့ ၇၅ ရာခိုင်နှုန်းကြားမှာရှိတဲ့နေရာတွေကို ကျွန်တော်တို့က အကြံပေးအဖွဲ့တွေနဲ့စိစစ်ပြီးတော့ ကျွန်တော်တို့က ဦးစားပေးအဆင့်လိုက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီအစီအစဉ်ကို အခုဆိုလည်း သက်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**မြောင်းမြမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)ခရိုင်ရုံးအသစ် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြောင်းမြမြို့နယ်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)ခရိုင်ရုံးအသစ် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြောင်းမြခရိုင်ရုံးကို ၁၉၈၇ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ ငါးနှစ်အကြာ ၁၉၉၂ ခုနှစ်မှာတော့ မြောင်းမြခရိုင်ရုံးကိုပိတ်သိမ်းပြီးတော့ မြောင်းမြခရိုင်နဲ့ လပွတ္တာခရိုင်အတွင်းမှာရှိတဲ့ ယာဉ်နဲ့ယာဉ်မောင်းလိုင်စင်လုပ်ငန်းတွေကို ပုသိမ်တိုင်းဦးစီးရုံးမှာ ယနေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ပုသိမ်တိုင်းဦးစီးရုံးကနေပြီးတော့ မြောင်းမြခရိုင်အတွင်းမှာ ရှိတဲ့မြို့တွေကို ခြောက်လကိုတစ်ကြိမ်၊ လပွတ္တာခရိုင်အတွင်းမှာရှိတဲ့မြို့တွေကို တစ်နှစ်ကိုတစ်ကြိမ်သာ နယ်လှည့်ကွင်းဆင်းပြီးတော့ ဆောင်ရွက်ပေးနိုင်ပါတယ်။ အဲဒါကြောင့် နယ်လှည့်ချိန် နယ်လှည့်တာတွေကို ယာဉ်ပိုင်ရှင်တွေကစောင့်ဆိုင်းရတဲ့အတွက်ကြောင့် အခွန်အခတွေ၊ ဒဏ်ကြေးများ၊

လလွန်ကြေးများကို ပိုမိုကုန်ကျတာတွေ့ရပါတယ်။ ကျန်တဲ့လတွေမှာတော့ မြောင်းမြကနေပြီးတော့ ၃၂ မိုင်၊ လပွတ္တာမြို့ကနေ ၇၅ မိုင်ကွာဝေးတဲ့ ပုသိမ်ရုံးမှာသွားရောက်ဆောင်ရွက်ရတဲ့အတွက်ကြောင့် သွားလာစရိတ်တွေ၊ စားစရိတ်များပိုမိုကုန်ကျလျက် ရှိပါတယ်။ စာရွက်စာတမ်းတွေစုံလင်ပြီးတော့ ယာဉ်ကြံ့ခိုင်မှုစစ်ဆေး အောင်မြင်ပါက နေ့ချင်းပြီးပေမဲ့လည်း အထောက်အထားမစုံလင်ခြင်း၊ ယာဉ်ကြံ့ခိုင်မှုအားနည်းပြီးတော့ ပြန်လည်ပြင်ဆင်ရပါက တစ်ရက်တည်းမပြီးတာကြောင့် အချိန်ကုန် လူပမ်းပြီးတော့ စရိတ်ထောင်းကာ အခက်အခဲများနဲ့ရင်ဆိုင်ရပါတယ်။

ဒါကတော့ က.ည.န ခရိုင်ရုံးဖွင့်လှစ်ပြီးဖြစ်တဲ့ ဖျာပုံခရိုင်နဲ့နှိုင်းယှဉ်ချက်ပဲဖြစ်ပါတယ်။ မြောင်းမြ ခရိုင်တစ်ခုတည်းမှာတင် ယာဉ်အရေအတွက် ၄၀၀၀၀ ကျော်ရှိပေမဲ့ ရုံးမရှိသေးပါဘူး။ ဖျာပုံခရိုင် မှာတော့ ယာဉ်အရေအတွက် ၂၈၀၀၀ ကျော်ရှိပေမဲ့ ခရိုင်ရုံးဖွင့်လှစ်ပေးပြီးဖြစ်ပါတယ်။ အဲဒီမှာ ထူးခြားချက်ကတော့ မြောင်းမြခရိုင်မှာ ယာဉ်အရေအတွက် ၄၃၀၀၀ ကျော်ရှိပေမဲ့ ယာဉ်မောင်း လိုင်စင်အရေအတွက် ၂၄၀၀၀ ကျော်သာရှိတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါဟာ ဘာကိုပြလဲဆိုတော့ လိုင်စင်မဲ့ယာဉ်မောင်းတွေ အများအပြားရှိတာကိုတွေ့ရပြီးတော့ ယာဉ်မောင်းလိုင်စင်လျှောက်ထား ရာမှာ အခက်အခဲတွေတွေ့ရတာကိုလည်း တွေ့ရပါတယ်။

ရုံးဆောက်ရန်မြေနေရာကိုလည်း မြောင်းမြမြို့နယ် မြေချထားရေးကော်မတီနဲ့ညှိနှိုင်းလျာထား ပြီးတော့ အခြားမိတ်ဖက်ရုံးတွေဖြစ်တဲ့ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ လုပ်ငန်း လိုင်စင်ရုံးများလည်း ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ဆိုင်ကယ်အရောင်းပြခန်းငါးခုနဲ့ ပုဂ္ဂလိကယာဉ်မောင်း သင်တန်းကျောင်းနှစ်ခုလည်း ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ဒါကတော့ က.ည.န ရုံးဆောက်ဖို့ လျာထားတဲ့ မြေနေရာပဲဖြစ်ပါတယ်။ ဒါကတော့ မြောင်းမြမှာရှိတဲ့ ဆိုင်ကယ်အရောင်းပြခန်းတွေပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် က.ည.န မြောင်းမြခရိုင်ရုံးအသစ်ဖွင့်လှစ်ခြင်းအားဖြင့် မြောင်းမြခရိုင်နဲ့ လပွတ္တာခရိုင် နှစ်ခုထဲမှာရှိတဲ့ ပြည်သူတွေအနေနဲ့ ယာဉ်မှတ်ပုံတင်နဲ့ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ လွယ်ကူသက်သာစွာဆောင်ရွက်နိုင်ခြင်း၊ မိတ်ဖက်ရုံးတွေဖြစ်သောကြောင့် မှတ်ပုံတင်လုပ်ငန်းများ ချိတ်ဆက်ကာ One Stop Service ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်အခွန်အခများ အချိန်နှင့် တစ်ပြေးညီကောက်ခံနိုင်ခြင်း၊ လမ်းစည်းကမ်း/ယာဉ်စည်းကမ်း ပညာပေးစစ်ဆေးအရေယူမှုလုပ်ငန်း တွေကို ထိရောက်မြန်ဆန်လာခြင်း၊ ယာဉ်မောင်းလိုင်စင်များ ပိုမိုလွယ်ကူစွာလျှောက်ထားနိုင်ခြင်းဖြင့် လိုင်စင်မဲ့ယာဉ်မောင်းအရေအတွက်ကို ထိရောက်စွာလျှော့ချနိုင်ခြင်း၊ တရားဝင်လိုင်စင်ယာဉ်/ ဆိုင်ကယ်များတိုးတက်များပြားလာကာ သယ်ယူပို့ဆောင်မှု၊ ကုန်စည်စီးဆင်းမှုတွေ ချောမွေ့လာတာနဲ့ အမျှ မြောင်းမြမြို့ရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်းစတဲ့ အကျိုး ကျေးဇူးတွေ ရရှိမှာပဲဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ကျွန်တော် ဥက္ကဋ္ဌကြီးကမှတစ်ဆင့် မဲဆန္ဒရှင်ကိုယ်စားမေးမြန်းလိုတာ ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (က.ည.န)ခရိုင်ရုံးအသစ် ပြန်လည်ဖွင့်လှစ်ပေးဖို့အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်

မှာ စတင်ဆောက်လုပ်ပြီးတော့ မည်သည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ၏ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်းကြားမှုဦးစီးဌာန (က.ည.န)ခရိုင်ရုံးအသစ် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်ဆောက်လုပ်ပြီး မည်သည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)၏ ဧရာဝတီတိုင်းဒေသကြီးရုံး(ပုသိမ်)က ဆိုလျှင် မြောင်းမြခရိုင်ရှိ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် လပွတ္တာမြို့နယ်များရှိ မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို နှစ်စဉ်နယ်လှည့် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (မြောင်းမြ)ကို ၁၉၈၇ ခုနှစ်မှာဖွင့်လှစ်ခဲ့ပြီးနောက် လုပ်ငန်းပမာဏနည်းပါးသဖြင့် ၁၉၉၂ ခုနှစ်မှာ ရုံးများစုဖွဲ့၍ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များကို တိုင်းဒေသကြီးရုံး(ပုသိမ်)မှတာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမြောင်းမြခရိုင်မှာ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်နှင့် ဝါးခယ်မမြို့နယ် သုံးမြို့နယ်ဖြင့်ဖွဲ့စည်းထားပြီး ၂၀၁၇ ခုနှစ် နိုင်ဝင်ဘာလအထိ မှတ်ပုံတင်ယာဉ်စီးရေ ၄၃၇၉၈ စီးနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ၂၄၈၇၁ စောင်သာ မှတ်ပုံတင်ထားရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အသစ်ဖွင့်လှစ်ခဲ့တဲ့ ခရိုင်ရုံး(ဖျာပုံ)မှာ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့ပါဝင်ပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအထိ မှတ်ပုံတင်ယာဉ်စီးရေ ၃၀၁၆၅ စီးနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ၃၅၆၇၇ စောင်မှတ်ပုံတင်ထားရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ မြောင်းမြခရိုင်အတွင်းရှိ ယာဉ်စီးရေမှာ ဖျာပုံခရိုင်ထက် ၁၃၆၃၃ စီး ပိုမိုသော်လည်း လိုင်စင်စောင်ရေမှာ ဖျာပုံခရိုင်ထက် ၁၀၈၀၆ စောင် လျော့နည်းပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ဖွဲ့စည်းပုံအင်အားကန့်သတ်ချက်အရ မြောင်းမြခရိုင်၌ ဝန်ထမ်းဖွဲ့စည်းပုံခွင့်ပြုထားခြင်းမရှိပါသဖြင့် ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း အဆိုပါခရိုင်အတွင်းရှိ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို တိုင်းဒေသကြီးရုံး(ပုသိမ်)မှ ဝန်ထမ်းအင်အားဖြင့် တစ်နှစ်လျှင်အနည်းဆုံးလေးကြိမ်သွားရောက်၍ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြောင်းမြခရိုင်မှာ မှတ်ပုံတင်ထားတဲ့ ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေတို့မှာ အခြားခရိုင်များနှင့်နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ရုံးဖွင့်လှစ်နိုင်ပါက ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူလူထုသည် နယ်လှည့်မှတ်ပုံတင်ဆောင်ရွက်သည့်အချိန်ကို စောင့်ဆိုင်းစရာမလိုဘဲ ရုံးဖွင့်ရက်များမှာ လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် မြောင်းမြ-လပွတ္တာကားလမ်းမကြီးဘေးရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မုဆိုးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၇၆-က)ဧရိယာ ၂.၁၀ ဧကရှိမြေနေရာကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးဆောက်လုပ်ရန် လျာထားပေးခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလတွင် ရုံးအသစ်ဆောက်လုပ်ရန် ရန်ပုံငွေကျပ် ၂၃၀.၄ သန်း လျာထားတင်ပြထားပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်တစ်ရုံးဖွင့်လှစ်မည်ဆိုလျှင် ရုံးဆောက်လုပ်ရန် မြေနေရာရှာဖွေတောင်းခံခြင်း၊ ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်အတည်ပြုခြင်း၊ နိုင်ငံတော်ရဲ့ရသုံးမှန်းခြေငွေစာရင်းမှာ ရုံးအဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေးစက်ကရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများစသည်တို့အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များတောင်းခံခြင်း၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများခန့်ခွင့်ပြုနိုင်ရန် တင်ပြတောင်းခံခြင်း၊ ခန့်ထားမည့်ဝန်ထမ်းများ၏ လစာစရိတ်များကျခံရန်အတွက် သာမန်အသုံးစရိတ် ဘတ်ဂျက်ခွင့်ပြုငွေ တင်ပြတောင်းခံခြင်းများ ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ တင်ပြတောင်းဆိုချက်များအရ ညောင်ဦးမြို့၊ ကသာမြို့၊ သံတွဲမြို့တို့မှာ က.ည.န ရုံးအသစ်များဖွင့်လှစ်နိုင်ရန်တင်ပြခဲ့သည့် လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏တိုးချဲ့ရေးဆွဲထားတဲ့ဝန်ထမ်းဖွဲ့စည်းပုံကို ၂၀၁၇ ခုနှစ် ဇူလိုင်လက တင်ပြထားခဲ့ပြီး အဆင့်ဆင့်စိစစ်နေလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)အနေဖြင့် မြောင်းမြခရိုင်အတွင်းနေထိုင်ကြတဲ့ ပြည်သူများ သွားလာမှုလွယ်ကူစေရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများချောမွေ့စေရေးအတွက် ၂၀၁၇ ခုနှစ်မှာ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို မြောင်းမြမြို့နယ်၌ ဖေဖော်ဝါရီလ၊ မေလ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင်လည်းကောင်း၊ အိမ်မဲမြို့နယ်မှာ ဇူလိုင်လနှင့် ဝါးခယ်မမြို့နယ်၌ ဖေဖော်ဝါရီလတို့တွင်လည်းကောင်း နယ်လှည့်ကွင်းဆင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြောင်းမြခရိုင်အတွင်း၌ ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေများ ယခုထက်ပိုမိုတိုးတက်များပြားလာပါကလည်းကောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ လိုအပ်သည့်အခါတွင် ညှိနှိုင်းလာပါကလည်းကောင်း၊ နယ်လှည့်ကွင်းဆင်းခြင်းအကြိမ်ရေ တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနဲ့ မြောင်းမြခရိုင်မှာ က.ည.န ရုံးဖွင့်လှစ်ရန် လောလောဆယ်မှာ ဆောင်ရွက်

ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ရုံးသစ်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်တဲ့ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိသည့်အချိန်တွင် ရုံးဖွင့်လှစ်နိုင်ရေးဆက်လက်ဆောင်ရွက် သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၁ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမျိုးဇာတ် ပျက်ယွင်း ခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အားဖိတ်ခေါ်ပါတယ်။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ပြုစုရေးဆွဲထားတဲ့ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act) ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရဲ့ကိုယ်စား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဖြစ်တဲ့ ကျွန်တော် ဦးမြင့်အောင်က တင်သွင်းမှာဖြစ်ပါတယ်။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေကို ၁၁-၄-၁၈၅၀ မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီအက်ဥပဒေဟာ တည်ဆဲဥပဒေတစ်ရပ်ဖြစ်ပြီး ယခုထိ အသုံးပြုရဆဲဥပဒေလည်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥပဒေနိဒါန်းမှာ ဘင်္ဂလားဥပဒေ ၁၈၃၂ ခုနှစ် နည်းဥပဒေအမှတ် ၇၊ ပုဒ်မ ၉ မှာပြဋ္ဌာန်းထားတဲ့ မူသဘောကို ကျယ်ပြန့်အောင်ဆောင်ရွက်ခြင်းအားဖြင့် အကျိုးဖြစ်ထွန်းစေ မည်ကိုထောက်၍ ဥပဒေအဖြစ်ပြဋ္ဌာန်းကြောင်း ကနဦးဖော်ပြချက်များ ပါရှိနေရာ အဲဒီဖော်ပြချက်တွေ ဟာ မြန်မာနိုင်ငံနှင့်သက်ဆိုင်ခြင်းမရှိတဲ့အတွက်လည်းကောင်း၊ ဖော်ပြဖို့မသင့်တော်တဲ့အတွက်လည်း ကောင်း၊ ယင်းကနဦးဖော်ပြချက်နိဒါန်းကို ခေတ်နှင့်အညီ လျော်ညီရန်အတွက် အစားထိုးပြင်ဆင်ရန် လိုအပ်သည့်အတွက် ပြင်ဆင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲပြုစုထားပါသဖြင့် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ ဥပဒေကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုတမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၁

ရက်စွဲ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဇန် န ဝါ ရီ လ ၁ ၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ( The Caste Disabilities Remove Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၅၃၈)/ပထစ-၂၀၁၆

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remve Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ခြားသည့် အက်ဥပဒေကို ၁၁-၄-၁၈၅၀ ရက်နေ့၌ ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေသည် တည်ဆဲဥပဒေတစ်ရပ်ဖြစ်သည့်အတွက် ယနေ့အထိ အသုံးပြုဆဲဖြစ်သော်လည်း ထိုဥပဒေကြမ်းနိဒါန်း၌ ဘင်္ဂလားဥပဒေ ၁၈၃၂ ခုနှစ်၊ နည်းဥပဒေအမှတ် ၇၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်မူသဘောကို ကျယ်ပြန့်အောင်ဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်ကိုထောက်၍ ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်ကြောင်း ကနဦးဖော်ပြထားရှိရာ ယခုအခါတွင် အဆိုပါကနဦးဖော်ပြချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် ဖော်ပြရန်မသင့်တော့ကြောင်း ယင်းနိဒါန်းကို ခေတ်နှင့်လျော်ညီအောင် ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အစားထိုးပြင်ဆင်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ( The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၆-၁-၂၀၁၇ ရက်နေ့နှင့် ၁၈-၁-၂၀၁၈ ရက်နေ့တို့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃

ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိပါသည်။ ဥပဒေခေါင်းစီးရှိ ၂၀၁၆ ခုနှစ် စကားရပ်ကို ၂၀၁၈ ခုနှစ်ဟုလည်းကောင်း၊ ၁၃၇၈ ခုနှစ် စကားရပ်ကို ၁၃၇၉ ခုနှစ်ဟုလည်းကောင်း ပြင်ဆင်ပါသည်။ ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်ဇယားကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါ၍ ဖတ်ပြခြင်းမပြုတော့ပါဘူး။

၄။ သို့ဖြစ်ပါ၍ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုတမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၁

ရက်စွဲ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဇန် န ဝါ ရီ လ ၁ ၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ( The Caste Disabilities Remove Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၅၃၈)/ပထစ-၂၀၁၆

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ( The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ခြားသည့် အက်ဥပဒေကို ၁၁-၄-၁၈၅၀ ရက်နေ့၌ ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေသည် တည်ဆဲဥပဒေတစ်ရပ်ဖြစ်သည့်အတွက် ယနေ့အထိ အသုံးပြုဆဲဖြစ်သော်လည်း ထိုဥပဒေနိဒါန်း၌ ဘင်္ဂလားဥပဒေ ၁၈၃၂ ခုနှစ်၊ နည်းဥပဒေအမှတ် ၇၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်မူသဘောကို ကျယ်ပြန့်အောင်ဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်ကိုထောက်၍ ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်ကြောင်း ကနဦးဖော်ပြပါရှိနေရာ၊ ယခုအခါတွင် အဆိုပါကနဦးဖော်ပြချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် ဖော်ပြရန်မသင့်တော်သောကြောင့် ယင်းနိဒါန်းကို ခေတ်နှင့်လျော်ညီအောင် ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အစားထိုးပြင်ဆင်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ( The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၆-၁-၂၀၁၇ ရက်နေ့နှင့် ၁၈-၁-၂၀၁၈ ရက်နေ့တို့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃

ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိပါသည်-

(က) ယင်းဥပဒေကြမ်းတွင် အပိုဒ်ပေါင်း(၂)ပိုဒ်ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

**အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ**

**(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ် လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၄။ သို့ဖြစ်ပါ၍ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Remove Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်မျာခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၅-၁-၂၀၁၈ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှာ

ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။


**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၃.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Myint Aung U Mya Sein




U Sai Kyaw Moe U Kyaw Myo



U Win Win U Kyaw Myo



U Khon Than Htoo U Kyaw Myo



U Sae Ki Kaw U Kyaw Myo



Dr Soe Moe Thu U Kyaw Myo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်